# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

မတ်လ ၂၀၂၄ ခုနှစ်

HURFOM

Human Right Foundation of Monland March 2024

# ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် မတရားမှုများ ဆက်လက်ဖြစ်ပွားနေပြီး တရားမျှတမှုမရှိသည့် "ပြည်သူ့စစ်မှုထမ်း ဥပဒေ" ကို အတင်းအကြပ်ပြဋ္ဌာန်းလာခြင်းနှင့်အတူ လူအစအနပျောက်ဆုံးမှု အရေအတွက်များလည်း မြင့်တက် လာသည်။

**မတ်လ ၂၀၂၄**

၂၀၂၄ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် လူငယ်များကို အတင်းအကြပ်စစ်မှုထမ်းစေမည့် "ပြည်သူ့စစ်မှုထမ်းဥပဒေ" ကို အသက်သွင်းလိုက်ခြင်းကြောင့် လူငယ်လူရွယ်များနှင့် ၎င်းတို့၏မိဘများအကြားတွင် စိုးရိမ်ပူပန်မှုနှင့် အကြောက်တရားများ ဖြစ်ပေါ်လာသည်။ အသက် (၁၈) နှင့် (၃၅) နှစ်အတွင်းရှိ အမျိုးသားများနှင့် အသက် (၁၈) နှင့် (၂၇) နှစ်ရှိ အမျိုးသမီးများအနေဖြင့် အနည်းဆုံး (၂) နှစ်ကြာ စစ်မှုထမ်းရမည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြေညာလိုက်သည့် စစ်ကောင်စီသည် ကရင်နှင့် ကရင်နီပြည်နယ်များတွင် ထိန်းချုပ် နယ်မြေဆုံးရှုံးနေသကဲ့သို့ ချင်း၊ ကချင်နှင့် ရှမ်းပြည်နယ်များတွင်လည်း နယ်မြေအမြောက်အမြား ဆုံးရှုံးနေသည်။ အောက်ခြေစစ်သားနှင့် အဆင့်မြင့် အရာရှိအမြောက်အမြားသည် တိုက်ပွဲများတွင် သေဆုံးနေသည့်အပြင် စစ်ကောင်စီ တပ်သားအများအပြားက လည်း တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများထံတွင် လက်နက်ချအညံ့ခံနေကြသဖြင့် စစ်ကောင်စီတပ်တွင် စစ်အင်အားပြုန်းတီးမှု မြင့်တက်လျက်ရှိချိန်၌ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတင်းအကြပ်ပြဋ္ဌာန်းလာခြင်း ဖြစ်သည်။

"**ပြည်သူ့စစ်မှုထမ်းဥပဒေ**" ကို ၂၀၁၀ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့သော်လည်း ယခုအာဏာသိမ်းစစ်ကောင်စီ လက်ထက် မတိုင်ခင်အထိ အသက်သွင်းခဲ့ခြင်း မရှိချေ။

၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့ မအောင်မြင်သည့် အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက်ပိုင်း လူငယ်လူရွယ်များက တော်လှန်ရေး၏ ရှေ့တန်းစစ်မျက်နှာပြင်များတွင် ပါဝင်တိုက်ခိုက်နေပြီး နောက်ထပ်စစ်အာဏာရှင်ခေတ်တစ်ခု ပေါ်ထွန်းလာမည်ကို တားဆီးနေကြသည်။ ယခင့်ယခင်က ခွဲခြားဆက်ဆံခံရမှုများရှိခဲ့သော်လည်း အမျိုးသမီးများက လည်း ယခုတော်လှန်ရေးတွင် နေရာသစ် ပုံစံသစ်ဖြင့် ကျရာတာဝန်များ ထမ်းဆောင်လျက်ရှိသည်။

အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း (CDM) လှုပ်ရှားမှုကို ဦးဆောင်ခဲ့သည့် ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်သမားအရေး စသည့်ဝန်ကြီးဌာနများသည် အမျိုးသမီးများအဓိကဦးဆောင်သည့်ဌာနများ ဖြစ်သည်။

ငြိမ်းချမ်းစွာဆန္ဒပြခြင်းမှသည် လက်နက်ကိုင်တော်လှန်ရေးဆီသို့ ပြောင်းလဲလာချိန်တွင်လည်း အမျိုးသမီးများသည် အမျိုးသားများနည်းတူ ရှေ့တန်းစစ်မျက်နှာပြင်တွင် ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ လွတ်လပ်မှုအတွက် လက်နက်ကိုင် တိုက်ပွဲဝင်ရာတွင် အမျိုးသမီးများသည် နောက်ချန်နေခဲ့ခြင်းမရှိဘဲ ဆက်လက်ပါဝင်ခဲ့ကြသည်။

လူငယ်နှင့် အမျိုးသမီးများ၏ အထက်ပါလုပ်ဆောင်ချက်များကို "**တိုင်းပြည်ကို တည်ငြိမ်မှုပျက်ပြားအောင်လုပ်သည်**" ဟု စစ်ကောင်စီက တံဆိပ်ကပ်ကာ အဆိုပါလုပ်ဆောင်ချက်များကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခဲ့သည်။ စစ်ကောင်စီက ကျောထောက်နောက်ခံပေးထားသည့် ဝါဒဖြန့်ချီရေးယန္တရား

များကလည်း အလိမ်အညာများ၊ သတင်းတုများနှင့် သတင်းအမှားများကို ဆယ်စုနှစ်ချီကြာအောင် ဖြန့်ဝေခဲ့သော်လည်း ယခုတော်လှန်ရေးကို အားပေးထောက်ခံသည့် ပြည်သူများကိုမူ ဝေဝါးအောင် မပြုလုပ်နိုင်ချေ။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ်က “**စစ်ကောင်စီကို လူအများစုက ဆန့်ကျင်နေကြပါတယ်။ လက်နက်ကိုင်တော်လှန်ရေးတပ်တွေကလည်း စစ်မြေပြင်အောင်ပွဲတွေကိုရပြီးရင်း, ရနေပါတယ်။ ဒီလှိုင်းလုံးတွေက မြန်မာနိုင်ငံကို ပြောင်းလဲပစ်နေပါတယ်**” ဟု ပြောဆိုခဲ့သည်။

စစ်ကောင်စီက “**ပြည်သူ့စစ်မှုထမ်းဥပဒေ**” ဖြင့် လူငယ်များကို စစ်တပ်ထဲ အတင်းအကြပ်သွတ်သွင်းကာ ၎င်းတို့၏ ဒီမိုကရေစီမဟာမိတ်များကို ကျော်ခိုင်းပြီး လက်နက်ဖြင့် ပြန်လည်တိုက်ခိုက်ရန် ဖိအားပေးလုပ်ဆောင်နေသည်။ “**ပြည်သူ့စစ်မှုထမ်းဥပဒေ**” ကို လိုက်နာရန် ပျက်ကွက်ပါက ထောင်ဒဏ် (၅) နှစ်အထိ ချမှတ်ခံရမည် ဖြစ်သည်။ စစ်ကောင်စီက လူငယ်များ၏အနာဂတ်ကို ဖျက်ဆီးနေခြင်း ဖြစ်သည်။ လက်ရှိတွင်လည်း လူငယ် (၂၀,၀၀၀) ကျော်သည် စစ်အာဏာရှင်ကိုငြင်းဆိုတော်လှန်မှုကြောင့် စစ်ကောင်စီ၏အကျဉ်းချခြင်းကိုခံနေရသည်ဟု နိုင်ငံရေးအကျဉ်းသား များကူညီစောင့်ရှောက်ရေးအသင်း (AAPP) က ထုတ်ပြန်ထားသည်။

“**ပြည်သူ့စစ်မှုထမ်းဥပဒေ**” သည် ဧပြီလ သင်္ကြန်ကာလ ရှည်ပိတ်ရက်ပြီးနောက် စတင်မည်ဖြစ်ပြီး တစ်လလျှင် စစ်သားအင်အား (၅,၀၀၀) ဖြင့် တစ်နှစ်အတွင်း စစ်သားအင်အား (၆၀,၀၀၀) စုဆောင်းမည်ဟု စစ်ကောင်စီက ပြောဆိုထားသည်။

သို့သော် “**ပြည်သူ့စစ်မှုထမ်းဥပဒေ**” ၏ အကျိုးဆက်ကို ပြည်သူများက ချက်ချင်းခံစားနေရပြီ ဖြစ်သည်။ စစ်မှုထမ်းရမည်ကို ကြောက်ရွံ့သဖြင့် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားသူလူငယ်များ ရှိသကဲ့သို့ တော်လှန်ရေးတပ်ဖွဲ့များထံသို့ ဝင်ရောက်သွားသည့် လူငယ်များလည်း အများအပြားရှိလာသည်။ လူငယ်လူရွယ်များ အစုလိုက်အပြုံလိုက်ထွက်ခွာသွားခြင်းကြောင့် လုပ်သားအင်အားနည်းပါးလာပြီး အဆိုပါနေရာလွတ်များကို ကလေးလုပ်သား များဖြင့် အစားထိုးလာကြသည်။ မွန်ပြည်နယ်တွင် မိသားစုတာဝန်ကို အရွယ်မတိုင်ခင်ထမ်းဆောင်နေရသည့် ကလေးသူငယ်များ၏ အရေအတွက်သည် တစတစမြင့်တက်လာသည်။

စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ အရက်ဆိုင်(ဘား)များ၊ ဆိုင်ကယ်စက်ဘီးပြင်ဆိုင်များ၊ ကုန်စုံဆိုင်များနှင့် အခြားသောဆိုင်များတွင် အသက်မပြည့်သေးသည့်ကလေးသူငယ်များ အများအပြားအလုပ်လုပ်နေကြသည်။ နိုင်ငံရေး ပဋိပက္ခကြောင့် ကုန်ဈေးနှုန်းက အဆမတန်မြင့်တက်လာသည့်အပြင် လုပ်သားအင်အားလည်း ရှားပါးလာသည်။

မွန်ပြည်နယ်၏မြို့တော်ဖြစ်သည့် မော်လမြိုင်မြို့တွင် အသက် (၁၂) မှ (၁၆) နှစ်အရွယ် ကလေးသူငယ်များသည် ကလေးလုပ်သားအဖြစ် အများဆုံးစုဆောင်းခံနေရသည်။ ၎င်းပြင် ၎င်းတို့၏လုပ်အားခမှာလည်း ခေါင်းပုံဖြတ်ခြင်းခံနေရသည်။

စစ်သားစုဆောင်းရေးသည် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းနယ်မြေများဖြစ်သည့် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် စတင်နေပြီဖြစ်သည်။ စစ်မှုထမ်းရမည့်သူများ၏စာရင်းကို ပေးပို့ရန် မွန်ပြည်နယ်ရှိ ရပ်ကျေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများကို စစ်ကောင်စီက ညွှန်ကြားပြီးဖြစ်သည်။ အဆိုပါစာရင်းကို ၂၀၂၄ မတ်လနောက်ဆုံးအပတ်တွင် ပေးပို့ရမည်ဖြစ်သည်။ သံဖြူဇရပ်နှင့် မုဒုံမြို့နယ်များရှိ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ကလည်း စစ်မှုထမ်းရမည့်လူများစာရင်းကို စိတ်မသက်မသာဖြင့် ကောက်ခံခဲ့ရသော်လည်း ကောက်ခံပြီးစီးနေပြီ ဖြစ်သည်။

ကျေးရွာလူဦးရေအပေါ် မူတည်ပြီး ကျေးရွာ (၁) ရွာလျှင် ရွာသား (၃) ဦးမှ (၁၀) ဦးအထိကို ရပ်ကျေး အုပ်ချုပ်ရေးမှူးများက ရွေးချယ်ခဲ့သည်။ ရွေးချယ်ပြီးသူများစာရင်းကို မတ်လနောက်ဆုံးအပတ်တွင် အပြီးသတ် ပို့ဆောင်ရမည် ဖြစ်သည်။

## မတ်လ ၂၀၂၄

**"ကျွန်တော်တို့ဘက်မှာတော့ အမျိုးသား (၂) ယောက်က စာရင်းလာကောက်တယ်။ အိမ်ထောင်ဦးစီးနာမည်၊ လူဘယ်နှယောက် ရှိတယ်၊ ကျား၊မ၊ အသက် အဲလိုအချက်အလက်တွေ ကောက်သွားတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ကျိုက်မရောမြို့နယ်တွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးများက စစ်မှုထမ်းရမည့်သူများကို စာရင်းကောက်ပြီး မတ်လ (၂၀) ရက်နေ့တွင် စာရင်းပေးပို့ရန် စစ်ကောင်စီက ညွှန်ကြားထားသည်။ အလားတူ ချောင်းဆုံမြို့နယ်တွင်လည်း အုပ်ချုပ်ရေးမှူးများက အသက် (၁၈) နှင့် (၃၅) နှစ်အရွယ် အမျိုးသားများထံသို့ ဆင့်ခေါ်စာများပေးပို့ကာ စစ်မှုထမ်း ရန်အတွက် လာရောက်ကြရန် ဆင့်ခေါ်ခဲ့သည်။

**"လူငယ်တွေက ရွာမှာ မရှိတော့ဘူး။ မိဘတွေကလည်း စိုးရိမ်နေကြတယ်။ စစ်မှုထမ်းဥပဒေက ပြော(ထောက်ပြ)စရာတွေများတယ်။ တချို့မြို့နယ်တွေက သန်းခေါင်စာရင်းအတိုင်း လုပ်တယ်။ တချို့မြို့နယ်ကျပြန်တော့ ပိုအသက်ကြီးတဲ့သူတွေကိုပဲ စစ်မှုထမ်းဖို့ ခေါ်တယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

မတရားစစ်မှုထမ်းခြင်းကို ရှောင်လွှဲရန်အတွက် လူငယ်အများအပြားက ပြည်ပနိုင်ငံများသို့ ထွက်ခွာရန် ကြိုးပမ်းနေကြသည်ကို ဓာတ်ပုံနှင့် ဗီဒီယိုများတွင် တွေ့မြင်နေရသည်။

မြန်မာနိုင်ငံမှ လူငယ်လူရွယ်များ အစုလိုက်အပြုံလိုက်ဝင်ရောက်လာမည်ကို တားဆီးရန်အတွက် ထိုင်းအစိုးရက ထိုင်း - မြန်မာနယ်စပ်တွင် လုံခြုံရေးတိုးမြှင့်ထားသည်။

မတရားစစ်မှုမထမ်းလိုသဖြင့် ရှောင်တိမ်းလာသည့် လူငယ်လူရွယ်များကို ထိုင်းအပါအဝင် အိမ်နီးချင်းနိုင်ငံများက စာနာစိတ်ဖြင့် ခိုလှုံခွင့်ပေးသင့်သည်။ စစ်ပွဲမှာ ကာလကြာရှည်စွာ ဖြစ်ပွားနေသဖြင့် ပညာရေးနှင့် သက်မွေး ဝမ်းကျောင်းမှု အခွင့်အရေးများလည်း မရှိချေ။ အဆိုပါအခြေအနေတွင် တိုင်းပြည်ကိုစွန့်ခွာရန် ကြိုးစားနေသည့် လူငယ်လူရွယ်များကို "**စစ်မှုမထမ်းမနေရ**" ဥပဒေဖြင့် နောက်ဆုံးတားဆီးလိုက်ခြင်း ဖြစ်သည်။

စစ်ကောင်စီ၏ **"ပြည်သူ့စစ်မှုထမ်းဥပဒေ"** တွင် ပါဝင်ကူညီခြင်း မပြုကြရန် မွန်ပြည်သစ်ပါတီ (အာဏာရှင် တိုက်ဖျက်ရေး) က ထုတ်ပြန်လိုက်သည်။ စစ်ကောင်စီ၏ညွှန်ကြားချက်အတိုင်း လုပ်ဆောင်နေသည့် အုပ်ချုပ်ရေးမှူး များကို ပြင်းထန်စွာအရေးယူမည်ဖြစ်ကြောင်း ကြေညာသည်။

နိုင်ငံတော်အတိုင်ပင်ခံကောင်စီ၊ အမျိုးသားညီညွတ်ရေးအစိုးရနှင့် တော်လှန်ရေးအဖွဲ့အစည်းများကလည်း အလားတူ ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။ စစ်ကောင်စီကမူ စစ်အင်အားအတင်းအကြပ်စုဆောင်းနေဆဲ ဖြစ်သည်။

၂၀၂၄ မတ်လ (၂၀) ရက်နေ့ ည (၁၁) နာရီအချိန်တွင် ထားးမြို့နယ်ရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီက စစ်ကား (၄) စီးဖြင့် ဝင်ရောက်စီးနင်းပြီး ပုန်းခိုနေသူ လူငယ် (၁) ဦးနှင့် သက်ကြီးပိုင်း (၁) ဦးကို လာရောက်ရှာဖွေခဲ့သည်။ စစ်ကောင်စီက ၎င်းတို့ကို စစ်သားအဖြစ် မတရားစုဆောင်းရန် လာရောက်ဖမ်းဆီးခြင်း ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံပြီး စေ့စေ့စပ်စပ်ရှာဖွေပြီးနောက် စစ်တပ်က ညသန်းခေါင်တွင် ပြန်လည်ထွက်ခွာ သွားသည်။ ၎င်းတို့ရှာဖွေနေသည့် အမျိုးသား (၂) ဦးကိုမူ ဖမ်းဆီးနိုင်ခြင်း မရှိချေ။ ဤအဖြစ်အပျက်က လူငယ်များအကြားတွင် သတိပေးခေါင်းလောင်းထိုးလိုက်သကဲ့သို့ ဖြစ်ခဲ့ပြီး လူငယ်အများအပြား နိုင်ငံရပ်ခြားသို့ ထွက်ပြေးသွားကြသည်။

"**Data for Myanmar**" ၏ အချက်အလက်များအရ စစ်ကောင်စီက မြို့နယ် (၁၇၂) မြို့နယ်တွင် စစ်သားမတရားစုဆောင်းရန် အချက်အလက်ကောက်ခံခြင်း၊ မဲနှိုက်ခြင်း၊ စစ်မှုထမ်းရန်အသက်ပြည့်မီသူများကို စာရင်းကောက်ခြင်းစသည့် လုပ်ဆောင်ချက်များကို ပြုလုပ်နေကြောင်း သိရသည်။ မွန်ပြည်လူ့အခွင့်အရေး ဖောင်းဒေးရှင်းအနေဖြင့်လည်း ပဲခူးတိုင်းတွင် (၁၄)

## မတ်လ ၂၀၂၄

မြို့နယ်၊ တနင်္သာရီတိုင်းတွင် (၇) မြို့နယ်၊ မွန်ပြည်နယ်တွင် (၆) မြို့နယ်နှင့် ကရင်ပြည်နယ်တွင် (၂) မြို့နယ်တို့၌ စစ်ကောင်စီက "**ပြည်သူ့စစ်မှုထမ်းဥပဒေ**" အတွက် လှုပ်ရှားဆောင်ရွက်နေကြောင်း သိရှိထားသည်။

"**ပြည်သူ့စစ်မှုထမ်းဥပဒေ**" ကို ဝေဖန်ပြစ်တင်သူများကိုလည်း စစ်ကောင်စီက အပြစ်ပေးအရေးယူနေသည်။ "**ပြည်သူ့စစ်မှုထမ်းဥပဒေ**" ပါ စာသားများကို ပြန်လည်မျှဝေခြင်းနှင့် သတင်းဌာနတစ်ခု၏ တော်လှန်ရေးသတင်းကို လူမှုကွန်ရက်တွင် ပြန်လည်မျှဝေခြင်းတို့ကို ပြုလုပ်ခဲ့သည့် မော်လမြိုင်မြို့မှ အသက် (၂၄) နှစ်အရွယ်ကိုထွန်းလင်းကို ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅(က) ဖြင့် ဖမ်းဆီးအမှုဖွင့်ခဲ့သည်။

မော်လမြိုင်မြို့ မောင်ငံရပ်ကွက်ရှိ အရာတော်နှင့် တောင်ပေါ်တန်းလမ်းဆုံတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များ ပိတ်ဆို့စစ်ဆေးနေစဉ် ကိုထွန်းလင်းကို တားဆီးပြီး ၎င်း၏ဆိုင်ကယ်နှင့် လက်ကိုင်ဖုန်းကို စစ်ဆေးခဲ့သည်။ "**အကြမ်းဖက်စစ်တပ်က စစ်မှုမထမ်းမနေရဥပဒေပြဋ္ဌာန်းပြီး ပြည်သူများကို စစ်မှုထမ်းရန် ဆင့်ခေါ်နေ**" ဟူသော သတင်းကို ၎င်းက မျှဝေထားသည်ကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့သည်ဟု ဆိုသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် ရာဇဝတ်မှုတစ်ခု မဟုတ်ချေ။ ပြည်သူတို့၏ အခြေခံလူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို စစ်ကောင်စီက ဆက်လက်ဖြိုခွင်းဖျက်ဆီးနေပြီး ဒီမိုကရေစီစံနှုန်းများနှင့်ဆန့်ကျင်ကာ ပြည်သူများအပေါ် မတရားသောစစ်ကို ဆင်နွှဲနေခြင်း ဖြစ်သည်။

လူအများစုက နိုင်ငံကို စွန့်ခွာရန် ကြိုးစားလာသဖြင့် စစ်ကောင်စီက လုံခြုံရေးကို ပိုမိုတင်းကြပ်လိုက်သည်။ နိုင်ငံအနှံ့ရှိ လမ်းမကြီးများတွင် စစ်ဆေးရေးဂိတ်များ ထားရှိပြီး ပြည်သူများကို တားဆီးရန် လုပ်ဆောင်လာသည်။ ခရီးသွားရန်အတွက် ထောက်ခံစာအသစ်များ လိုအပ်လာသည်။ မွန်ပြည်နယ် အဝေးပြေးဂိတ်များတွင် ခရီးသွား လက်မှတ်များ ဝယ်ယူရာ၌ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် (မှတ်ပုံတင်နံပါတ်)နှင့် ခရီးသွားရာဇဝင်များကို ရေးဖြည့်ခိုင်းသည်။ ရဲစခန်းထောက်ခံချက် ပြသနိုင်မှသာ ခရီးသွားလက်မှတ်များကို ရောင်းချပေးသည်။ စစ်မှုထမ်းရမည်ကို စိုးရိမ်သဖြင့် တိမ်းရှောင်ရန်ကြိုးစားသူများကို တားဆီးရန်အတွက် စစ်ဆေးရေးဂိတ်များကို ပိုမိုထားရှိလာသည်။ ၎င်းပြင် ပြည်သူများကို မတရားဖမ်းဆီးပြီးနောက် သတင်းအစအနပျောက်ဆုံးမှုများလည်း ဖြစ်ပေါ်လာသဖြင့် ပြည်သူများအကြား စိုးရိမ်ပူပန်မှုများ မြင့်တက်လာသည်။

၂၀၂၃ ဒီဇင်ဘာလမှ ၂၀၂၄ ဖေဖော်ဝါရီလ (၂၉) ရက်နေ့အထိ မောရဝတီရေတပ်က ကံပေါက်ဒေသရှိ ဖောင်တော၊ အုန်းပင်ကွင်း၊ ကံပေါက်၊ မင်းသားနှင့် သဘုတ်ချောင်းကျေးရွာများမှ ဒေသခံပြည်သူ (၂၄) ဦးကို ဖမ်းဆီးခဲ့သည်။ (၁၄) ဦးကိုသာ ပြန်လည်လွှတ်ပေးခဲ့ပြီး (၁၀) ဦးကို ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားသည်။

ဖမ်းဆီးထားသူများတွင် ပညာရေးဝန်ကြီးဌာနမှ "CDM" ပြုလုပ်ထားသူ ဆရာမ (၄) ဦးလည်း ပါဝင်သည်။ ပြန်လည်လွတ်မြောက်လာသူများကလည်း ပုံမှန်စိတ်အခြေအနေတွင် ရှိမနေဘဲ ပြင်းထန်စွာထိခိုက်ခံစားခဲ့ရသည့် လက္ခဏာများ ပြသနေသည်။

ဒေသခံများ၏ပြောကြားချက်အရ ပြည်သူ (၃၂) ဦး ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သော်လည်း လူနှင့်ကျေးရွာနာမည်များကို စုံစမ်းအတည်ပြုနေဆဲဖြစ်သည်။ ဖမ်းဆီးခံရသူအရေအတွက်များပြားလာသည်နှင့်အတူ စစ်ကြောရေးစခန်းများတွင် ဖမ်းဆီးအစစ်ဆေးခံရပြီးနောက် သတင်းအစအနပျောက်ဆုံးသွားသူ အမျိုးသမီးများလည်း ရှိလာသည်။

ရေဖြူမြို့နယ် ကံပေါက်ကျေးရွာမှ "CDM" ပြုလုပ်ထားသူ အသက် (၄၈) နှစ်အရွယ် ကျောင်းဆရာမတစ်ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ မျက်မြင်သက်သေတစ်ဦးက "**အိမ်ကို ဝင်စီးပြီးတော့ ဖမ်းသွားတာ။ ခေါင်းကိုလည်း အဝတ်နက်အုပ်သွားတယ်**" ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောသည်။

## မတ်လ ၂၀၂၄

"CDM" ကျောင်းဆရာမ ဒေါ်မီမီဇော်ကိုလည်း အမျိုးသားညီညွတ်ရေးအစိုးရ၏ အွန်လိုင်းစာသင်ကျောင်းတွင် ပညာသင်ကြားပေးသည်ဟုဆိုကာ စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့သည်။

လိင်အကြမ်းဖက်မှုများကလည်း တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ဖြစ်ပွားနေသည်။ လူနေရပ်ရွာများ အထူးသဖြင့် ကရင်ပြည်နယ်တွင် စစ်တပ်က လာရောက်တပ်စွဲလာသဖြင့် အမျိုးသမီးများအတွက် အန္တရာယ်ကြီးမား လာသည်။ စစ်တပ်က အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကို ပစ်မှတ်ထား ကျူးလွန်လာသကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် လည်း ကျူးလွန်လာသည်။

၂၀၂၄ ဇန်နဝါရီလ (၁) ရက်နေ့တွင် မွန်ပြည်နယ်တွင် ကင်းလှည့်နေသည့် စစ်ကောင်စီတပ်သားများက ဆိုင်ကယ်စီးလာသူ အမျိုးသမီး (၂) ဦးကို နောက်မှ ပစ်ခတ်ခဲ့ရာ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

၂၀၂၄ မတ်လ (၂၁) ရက်နေ့တွင် မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းက "**မြန်မာနိုင်ငံတောင်ပိုင်းရှိ လူ့အခွင့်အရေး အခြေအနေများကို လိင်စိတ်(Gender)ရှုထောင့်ဖြင့် ချိုင့်သုံးသပ်ခြင်း**" အစီရင်ခံစာကို ထုတ်ဝေခဲ့သည်။ အဆိုပါ အစီရင်ခံစာတွင် ၂၀၂၄ ဇန်နဝါရီလမှ မတ်လအတွင်း စစ်ကောင်စီက အမျိုးသမီးများအပေါ် အကြမ်းဖက် ခဲ့သည့် ဖြစ်စဉ်များကို စစ်တမ်းကောက် ခွဲခြမ်းစိတ်ဖြာသုံးသပ်ထားသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ဌာနတစ်ခုဖြစ်သည့် "**အမျိုးသမီးနှင့်ကလေးအခွင့်အရေး အစီအစဉ်**" က ကောက်ခံရရှိထားသည့် အချက်အလက်များကို စုစည်းပြီး အစီရင်ခံစာအဖြစ် ထုတ်ဝေခြင်းဖြစ်သည်။

စစ်ကောင်စီက အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကို ပစ်မှတ်ထားကာ ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်နေကြောင်း တွေ့ရှိချက်များက ဖော်ပြနေသည်။ မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း၏ စီမံကိန်းနယ်မြေများတွင် အမျိုးသမီး အနည်းဆုံး (၁၁) ဦး သတ်ဖြတ်ခံထားရပြီး (၂၃) ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ (၁၇) ဦးမှာ ဖမ်းဆီးခဲ့ရပြီး အမျိုးသမီး (၂) ဦးမှာ အဆက်အသွယ်ပြတ်ပျောက်ဆုံးနေသည်။

၂၀၂၃ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် အမျိုးသမီးအနည်းဆုံး (၁၄၅) ဦး သတ်ဖြတ်ခံထားရသည်ဟု ခန့်မှန်းသည်။ ၎င်းပြင် အမျိုးသမီး (၃၂၀) ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။ (၁,၅၀၀) ဦးမှာ မတရားဖမ်းဆီးခံခဲ့ရပြီး ချုပ်နှောင်ထိန်းသိမ်းခံခဲ့ရသည်။

စစ်ဘေးရှောင်ပြည်သူများတွင်လည်း အမျိုးသမီးများ အများစုပါဝင်နေပြီး ရပ်ရွာများနှင့် လူမှုဝန်းကျင်များကို စစ်တပ်က တိုက်ခိုက်ဖျက်ဆီးချိန်တွင် အမျိုးသမီးများက ပိုမိုထိခိုက်ခံစားခဲ့ရသည်။

လေကြောင်းတိုက်ခိုက်မှု၊ မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့် လက်နက်ကြီးပစ်ခတ်မှုကဲ့သို့သော ရမ်းသမ်းတိုက်ခိုက်မှုများက ဆက်လက်ဖြစ်ပွားနေသည်။ မတ်လ (၁၁) ရက်နေ့ နံနက်ပိုင်းတွင် ထားဝယ်မြို့နယ် ဇဟာကျေးရွာမှ အမျိုးသမီး တစ်ဦး မြေမြှုပ်မိုင်းနင်းမိပြီး ညာဘက်ခြေထောက်တစ်ဖက် ဆုံးရှုံးခဲ့ရသည်။ အသက် (၆၀) အရွယ် ဒေါ်နှင်းမူသည် ၎င်း၏ဥယျာဉ်ခြံတွင် မြေမြှုပ်မိုင်းနင်းမိခဲ့ခြင်း ဖြစ်သည်။

"**သူက ခြံကို ပုံမှန်သွားနေတာပဲ။ ခြံမှာ သီဟိုဠ်စေ့လိုက်ကောက်ရင်း မိုင်းနင်းမိတာ**" ဟု ဒေသခံတစ်ဦးက ပြောသည်။

၂၀၂၄ ဖေဖော်ဝါရီလမှ မတ်လ (၁၂) ရက်နေ့အတွင်း ဇဟာကျေးရွာမှ ဒေသခံပြည်သူ (၃) ဦး မြေမြှုပ်မိုင်း နင်းမိခဲ့သည်။ အားလုံးသည် ရွာလမ်းအရှေ့ဘက်ရှိ ၎င်းတို့၏ဥယျာဉ်ခြံတွင်ရှိနေစဉ် မြေမြှုပ်မိုင်းနင်းမိခြင်း ဖြစ်သည်။ အမျိုးသား (၁) ဦး သေဆုံးခဲ့ပြီး နောက်ထပ် အမျိုးသား (၁) ဦးနှင့် ဒေါ်နှင်းမူတို့က ခြေထောက်ဖြတ်ပစ်လိုက်ရသည်။ ဇဟာကျေးရွာ သည် ထားဝယ်မြို့နှင့် (၂) မိုင်ခန့်သာ ကွာဝေးပြီး အမှတ် (၃၀၂) အမြောက်တပ်ရင်းတည်ရှိရာ ရွာလမ်းမကြီး၏ အရှေ့ဘက် (၃) ဖာလုံ အကွာခန့်တွင် တည်ရှိသည်။

ပြည်သူများ၏ အသက်ခန္ဓာကို အဓိပ္ပာယ်မဲ့သတ်ဖြတ်ဖျက်ဆီးခြင်းသည် လူသားဖြစ်တည်မှုနှင့် အခြေခံလူ့အခွင့်အရေး တို့နှင့် ဆန့်ကျင်နေသည်။ နိုင်ငံတကာ

## မတ်လ ၂၀၂၄


အသိုင်းအဝိုင်းက “**တာဝန်ခံတာဝန်ယူမှုယန္တရား**” များ ချက်ချင်း အကောင်အထည်ဖော်ရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တောင်းဆိုသည်။ အဆိုပါတောင်းဆိုမှုကို မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေများကို ကိုင်တွယ်ရန် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးသို့ လွှဲပြောင်းရန်၊ လက်နက်ရောင်းဝယ်မှုကို တားမြစ်ရန်နှင့် တရားမဝင်စစ်ကောင်စီကို ပစ်မှတ်ထားပိတ်ဆို့ရန်တို့ ပါဝင်သည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၄ မတ်လအကုန်တွင် မတရားဖမ်းဆီးခံရမှု (၇၅) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၅၃) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၆၇) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၂၅) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

### ၂၀၂၄ မတ်လတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

မတ်လ ၂၀၂၄




# 5+

စစ်ကောင်စီ၏ ပစ်မှတ်ထားခြင်းခံရသည့် ဒီမိုကရေစီအရေး
တက်ကြွလှုပ်ရှားသူဦးရေ

# 10

## ၂၀၂၄ မတ်လတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| 7 | 2 | 1 |
|---|---|---|
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

## ၄၇,၀၀၀+

**စီမံကိန်းဧရိယာအတွင်းရှိ စစ်ဘေးရှောင်ပြည်သူဦးရေ**

**မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ**

| 3+ | 3+ | 15+ |
|---|---|---|
| စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် ဆန္ဒပြသူဦးရေ | စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် တက်ကြွလှုပ်ရှားသူများဦးရေ | စစ်ကောင်စီက အစအနဖျောက်လိုက်သည့် ပြည်သူများဦးရေ |

# 55+

စီမံကိန်းဒေသများတွင် ဖမ်းဆီးခံရပြီး လူသားဒိုင်းအဖြစ်
အသုံးပြုခံရသည့် ရွာသားများဦးရေ

**480+**

ထိခိုက်ပျက်စီးခဲ့သော
လူနေအိမ်အရေအတွက်



**120+**

ဖောက်ထွင်းခိုးယူခံခဲ့ရသည့်
လူနေအိမ်အရေအတွက်

**60+**

မတရားဖမ်းဆီးသိမ်းယူခဲ့သော
မော်တော်ဆိုင်ကယ်အရေအတွက်

**5+**

မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ်
အရေအတွက်

**25+**

စစ်ကောင်စီကသိမ်းယူခဲ့သော
မော်တော်ယာဉ်အရေအတွက်

# 60+

တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းမှဖုံးကြဲတိုက်ခိုက်ခဲ့သည့်အရေအတွက်။ ယခုမတ်လတွင် စစ်ကောင်စီက ရဟတ်ယာဉ်(helicopter)နှင့် ဂျက်ဖိုက်တာ(fighter jet) များကို အသုံးပြု၍ ထားဝယ်အရှေ့တောဒေသ၌ လေကြောင်းတိုက်ခိုက်မှု (၁၂) ကြိမ်၊ မွန်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှု (၉) ကြိမ်နှင့် ကရင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှု (၁၄) ကြိမ် ပြုလုပ်ခဲ့သည်။



## ကရင်ပြည်နယ်

- IDP 21,000 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 20 ဦးခန့်
- သေဆုံးသူ 8 ဦးခန့်

## မွန်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

ကရင်ပြည်နယ်တွင် ပြည်သူများကိုပစ်မှတ်ထားသည့် တိုက်ခိုက်မှုများ ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။ လူထုအခြေပြုအဖွဲ့အစည်းများက ကောက်ခံရရှိထားသည့် အချက်အလက်ကိန်းဂဏန်းများအရ စစ်ကောင်စီ၏ အကြမ်းဖက်မှုသည် စိုးရိမ်ဖွယ်ရာ အနေအထားသို့ ရောက်ရှိနေသည်။

ဒေသခံများ၏ပြောကြားချက်အရ စစ်ကောင်စီနှင့် တော်လှန်ရေးအင်အားစုများအကြား နှစ်ဖက်တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားနေသည်။ မတ်လ (၁) ရက်နှင့် (၃) ရက်နေ့အတွင်း ကော့ကရိတ်မြို့တွင် တိုက်ပွဲပြန်လည် ဖြစ်ပွားပြီး နေအိမ်အလုံး (၁၀၀) ခန့်သည် လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသည်။

မတ်လ (၁) ရက်နေ့တွင် လမ်းလယ်ခေါင်တွင်စခန်းချတပ်စွဲနေသည့် စစ်ကောင်စီတပ်က ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များရှိရာ အမှတ် (၇) ရပ်ကွက်ကို လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ (၂) ဖွဲ့စလုံးသည် ယခုအခါတွင် ဒရုန်းများကို အသုံးပြုကာ တိုက်ခိုက်နေကြသည်။

တိုက်ခိုက်မှုအတွင်း စစ်ကောင်စီက ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များရှိရာနေရာများကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ လူနေအိမ်အလုံး (၁၀၀) နီးပါး ထိမှန်ပျက်စီးခဲ့သည်။ (၃) လကျော် ကြာမြင့်လာပြီဖြစ်သည့် ကော့ကရိတ်မြို့ တိုက်ပွဲတွင် နေအိမ်အလုံး (၄၀၀) နီးပါး မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ (၂၀,၀၀၀) ကျော် စစ်ဘေးရှောင်ထွက်ပြေးနေရသည်။

တစ်ပတ်အကြာ မတ်လ (၇) ရက်နေ့တွင် ကရင်ပြည်နယ် မြဝတီမြို့နယ် သင်္ကန်းညီနောင်ကျေးရွာရှိ အမှတ် (၃၅၅) ခြေမြန်တပ်ရင်းနှင့် ဗျူဟာကုန်းကို တော်လှန်ရေး အင်အားစုများက နေ့လည်အချိန်တွင် စတင်တိုက်ခိုက်ခဲ့သည်။ မတ်လ (၈) ရက်မှ (၁၁) ရက်နေ့အထိ (၄) ရက်တာအတွင်း စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုတို့ဖြင့် ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့သည်။ ဒရုန်းများကို အသုံးပြု၍လည်း ဗုံးကျည်အများအပြား ကို ပစ်ခတ်ခဲ့သည်။

သာမန်ပြည်သူများနေထိုင်ရာ,နေရာများကိုလည်း တိုက်ခိုက်ခဲ့သည်။ မတ်လ (၈) ရက်နေ့ ည (၁၁) နာရီအချိန်တွင် သင်္ကန်းညီနောင်ကျေးရွာကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ပြီး လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့်အတွက် နေအိမ်အလုံး (၅၀) ခန့် ထိမှန်ပျက်စီးခဲ့သည်။ အဆိုပါညမတိုင်ခင် တစ်ညတွင်လည်း စစ်ကောင်စီက တိုက်လေယာဉ် ဖြင့် ဗုံးကြဲခဲ့သည့်အတွက် နေအိမ်အနည်းဆုံးအလုံး (၅၀) ထိခိုက်ပျက်စီးခဲ့သည်။

တိုက်ပွဲအတွင်းတွင် မဲကနယ်ကျေးရွာအနီး မြဝတီအာရှလမ်းမကြီးပေါ်ရှိ သဘာဝရိပ်သာဆေးရုံကို ဗုံးထိမှန်ခဲ့ရာ သက်ကြီးအမျိုးသား (၂) ဦး သေဆုံးခဲ့ရပြီး အခြားသက်ကြီးရွယ်အို (၁၀) ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အခြား သက်ကြီးရွယ်အို (၁၇၀) ကျော်ကိုလည်း မြဝတီမြို့သို့ အရေးပေါ်ပို့ဆောင်ပေးခဲ့ရပြီး အကူအညီများလိုအပ်နေသည်။

**ကရင်ပြည်နယ်**

**တနင်္သာရီ တိုင်းဒေသကြီး**

## မွန်ပြည်နယ်

- IDP 12,000 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 22 ဦးခန့်
- သေဆုံးသူ 7 ဦးခန့်

မွန်ပြည်နယ်ရှိပြည်သူများသည် စစ်ကောင်စီ၏တိုက်ခိုက်ခြင်းကို ဆက်တိုက်ခံစားနေရသည်။ ပြည်သူများကို မတရားဖမ်းဆီးပြီး စစ်တပ်အတွင်းသို့ အတင်းအဓမ္မဝင်ရောက်ခိုင်းသည်။

၂၀၂၄ မတ်လ (၂) ရက်နေ့တွင် မွန်ပြည်သစ်ပါတီ (အာဏာရှင်တိုက်ဖျက်ရေး) က မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်မြို့ စိန်တောင်ရပ်ကွက်နှင့် ကော့ပီထောကျေးရွာမှ ပြည်သူ့စစ်ခေါင်းဆောင် (၃) ဦးကို ဖမ်းဆီးခဲ့သည်။ တန်ပြန်သောအားဖြင့် မုဒုံမြို့နယ် အဘစ်ကျေးရွာအခြေစိုက် အမှတ် (၃၁၈) အမြောက်တပ်က မွန်ပြည်သစ်ပါတီ (အာဏာရှင်တိုက်ဖျက်ရေး) အဖွဲ့ဝင်များ၏ ဆွေမျိုးသားချင်းဖြစ်သူ အမျိုးသမီး (၃) ဦးကို ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးခံရသူများမှာ မွန်ပြည်သစ်ပါတီ (စစ်အာဏာရှင်တိုက်ဖျက်ရေး) မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ နိုင်ကြည်စန်း၏ ညီမဖြစ်သူ တောင်ပို့ကျေးရွာမှ အသက် (၅၇) နှစ်အရွယ် ဆရာမ မိမြင့်သန်း၊ မွန်ပြည်သစ်ပါတီ (အာဏာရှင် တိုက်ဖျက်ရေး) အဖွဲ့ဝင်တစ်ဦး၏ ညီမဖြစ်သူ ကော့ပိထောကျေးရွာမှ အသက် (၃၃) နှစ်အရွယ် မိရီဝင်းနှင့် မွန်ပြည်သစ် ပါတီ (အာဏာရှင်တိုက်ဖျက်ရေး) အဖွဲ့ဝင် နိုင်အလင်း၏ဇနီးဖြစ်သူ အသက် (၄၀) အရွယ် အမျိုးသမီးတစ်ဦးတို့ ဖြစ်သည်။

ဖမ်းဆီးသွားသူများနှင့်ပတ်သက်သည့် နောက်ဆက်တွဲသတင်းများကို ယနေ့အချိန်အထိ မသိရှိရသေးချေ။

ဌာနေပြည်သူ့စစ်အဖွဲ့များအနေဖြင့် မိမိတို့၏လက်နက်များကို ၎င်းတို့ထံသို့ လာရောက်အပ်နှံကြရန်၊ လိုက်နာခြင်းမရှိပါက အရေးယူသွားမည်ဖြစ်ကြောင်း မွန်ပြည်သစ်ပါတီ (အာဏာရှင်တိုက်ဖျက်ရေး) က ထုတ်ပြန်ထားသည်။

မတ်လ (၁၁) ရက်နေ့ နေ့ခင်းအချိန်တွင် ဘီးလင်းမြို့နယ် သံတံတားစစ်ဆေးရေးဂိတ်တွင် ဆိုင်ကယ်ကိုရပ်တန့်ပေးခြင်းမရှိဟုဆိုကာ စစ်ကောင်စီတပ်သားများက လူငယ် (၂) ဦးကို ပစ်သတ်ခဲ့သည်။ လူငယ် (၂) ဦး ပစ်သတ်ခံရပြီး (၁) ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

ပစ်သတ်ခံရသူများမှာ အသက် (၃၀) အရွယ် ဟာရင်နှင့် အသက် (၂၇) နှစ်အရွယ် ဂျိုးသိန်းတို့ဖြစ်ပြီး ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာမှ ဖြစ်ကြသည်။ အသက် (၃၀) အရွယ် ကိုချစ်ကိုမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ သံတံတားစစ်ဆေးရေးဂိတ်သည် ခရီးသွားများအတွက် အလွန်အန္တရာယ်များသည့်ဂိတ် ဖြစ်ပြီး ငွေအတောင်းကြမ်း သည့်ဂိတ်လည်း ဖြစ်သည်။

ရာမညဖက်ဒရယ်အင်အားစုသစ်က ၂၀၂၄ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ မွန်ပြည်နယ်တွင် မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း ပြည်သူ (၁၀၅) ဦး သတ်ဖြတ်ခံထားရပြီး ပြည်သူ အယောက် (၉၀၀) ကျော် ဖမ်းဆီးခံထားရကြောင်း သိရှိရသည်။

တော်လှန်ရေးအင်အားစုများက မတ်လ (၂၅) ရက်နေ့တွင် ကော့သတ်ကျေးရွာရှိ ရဲစခန်းကို သိမ်းပိုက်လိုက်ပြီး နောက်ပိုင်း အခြေအနေများ တင်းမာလာသည်။ စစ်ကောင်စီတပ်သားများက ကော့သတ်ကျေးရွာကို ဝင်ရောက်လာပြီး ထိုမှတဆင့် တရနာကျေးရွာကို ည (၇) နာရီအချိန်တွင် ရောက်ရှိလာသည်။ ညအချိန်တွင် စစ်သားအယောက် (၁၀၀) ကျော် ရောက်ရှိလာသည်။

နှစ်ဖက်စလုံးက တိုက်ပွဲအတွက် အသင့်အနေအထား ဖြစ်နေပြီး ဒေသခံပြည်သူများမှာ အကြမ်းဖက်မှုများ ဖြစ်ပွားလာမည်ကို စိုးရိမ်နေကြသည်။ “**ရဲစခန်းကျသွားကတည်းက တိုက်ပွဲပြင်းပြင်းထန်ထန်ဖြစ်တော့မယ်ဆို**

**ပြီး မျှော်လင့်ထားပြီးသားပါ။ လူတော်တော်များများလည်း ပြေးကုန်ကြပြီ**” ဟု ဒေသခံတစ်ဦးက ပြောသည်။

“**ဗမာစစ်သားတွေက ရွာထဲကို ရောက်နေပြီ။ လူနေအိမ်တွေမှာ အကာအကွယ်ယူထားတယ်။ ရွာသားတွေကို လူသားဒိုင်းလုပ်ထားတဲ့သဘောပေါ့။ စဝင်လာတုန်းက အင်အား (၆၀) လောက်ပဲ။ ဒါပေမဲ့ ညလည်းရောက်ရော နောက်ထပ်စစ်ကား (၆) စီးနဲ့ စစ်သား (၁၀၀) ကျော် ထပ်ရောက်လာတယ်**” ဟု ဒေသခံနောက်တစ်ဦးက ပြောသည်။

ရဲစခန်းအသိမ်းပိုက်ခံရပြီး နောက် (၂) ရက်အတွင်း စစ်ကောင်စီတပ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သကဲ့သို့ စစ်သဘောင်္ကလည်း လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဒေသခံပြည်သူအနည်းဆုံး (၄) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး လူနေအိမ်နှင့် ဘာသာရေးအဆောက်အဦးများ ထိခိုက်ပျက်စီးခဲ့သည်။

မတ်လ (၂၆) ရက်နေ့ ညနေ (၄) နာရီတွင် စစ်ကောင်စီက ကော့ကရိတ်မြို့နယ် ကော့ဘိန်းနှင့် ကော့ပေါက်ကျေးရွာ များကို ပစ်မှတ်ထားပြီး လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

၂၀၂၄ မတ်လ (၂၈) ရက်နေ့ နံနက် (၆) နာရီတွင်လည်း မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အံကစင်ကျေးရွာကို ထပ်မံ တိုက်ခိုက်ခဲ့သည်။

Mi-35p ရဟတ်ယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး နေအိမ် (၁၀) လုံးခန့် ထိခိုက်ပျက်စီးခဲ့သည်။

**“ဘာတိုက်ပွဲမှ မရှိဘူး။ ရွာကို သပ်သပ်ဗုံးလာကြဲတာ”** ဟု မျက်မြင်သက်သေတစ်ဦးက ပြောသည်။

**ကရင်ပြည်နယ်**

**မွန်ပြည်နယ်**

### တနင်္သာရီ တိုင်းဒေသကြီး

- IDP 14,000+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 25 ဦးခန့်
- သေဆုံးသူ 10 ဦးခန့်

မြန်မာနိုင်ငံတောင်ပိုင်းတွင် အခြေအနေများသည် တည်ငြိမ်မှုကင်းမဲ့နေပြီး "ပရမ်းပတာ" ဖြစ်နေသည့်အပြင် သတင်းသမားများလက်လှမ်းမမီနိုင်သော အကြမ်းဖက်မှုများလည်း အမြောက်အမြား ဖြစ်ပွားနေသည်။ အခြေချ တပ်စွဲထားသည့် စစ်ကောင်စီတပ်များက ပြည်သူများကိုပစ်မှတ်ထားသည့် ရမ်းသမ်းပစ်ခတ်မှုများကို ပုံမှန်လုပ်ဆောင် နေသဖြင့် ပြည်သူများမှာ ကျည်ဆန်များ ဗုံးဆန်များအကြားတွင် အကြောက်တရားဖြင့် ရှင်သန်နေရသည်။ ယခုလတွင် ဒါဇင်နှင့်ချီသော နေအိမ်များ ထိခိုက်ပျက်စီးခဲ့သော်လည်း အဆိုပါ ပျက်စီးမှုများအတွက် တာဝန်ယူတာဝန်ခံမှုများလည်း မရှိချေ။

ဖေဖော်ဝါရီလ (၂၅) ရက်နေ့ နံနက် (၈) နာရီတွင် ထားဝယ် - ထီးခီးလမ်းပေါ်ရှိ ကျောက်မဲတောင်ရဲစခန်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များက တောင်သုံးလုံးကျေးရွာကို လက်နက်ကြီးဖြင့် (၆) ကြိမ် ပစ်ခတ် တိုက်ခိုက်ခဲ့သည်။ အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အသက် (၄၀) အရွယ် အမျိုးသားတစ်ဦးမှာ လက်တွင် လက်နက်ကြီးစ ထိမှန်ခဲ့သည်။

"ရွာလယ်ခေါင်ကို ပစ်တာ။ လက်နက်ကြီးကျလို့ ထိခိုက်ဒဏ်ရာရပြီးတော့ ခြေဦးတည့်ရာပြေးကြရတာ" ဟု ဒေသခံတစ်ဦးက ပြောသည်။

တောင်သုံးလုံးရွာလယ်ခေါင်ရှိ အသစ်တည်ဆောက်ထားသည့် ကျောင်းဆောင်အနီးတွင် လက်နက်ကြီးကျရောက် ပေါက်ကွဲခဲ့ပြီး အမိုးနှင့် နံရံများ ပျက်စီးခဲ့သည်။ "ဘုန်းကြီးကျောင်းက အသစ်ဆောက်ထားတာ။ တစ်ရွာလုံးကို လက်နက်ကြီးနဲ့ ပစ်နေတာ" ဟု အခြားဒေသခံတစ်ဦးက ထပ်ပြောသည်။ နံနက် (၉) နာရီတွင် ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားပြန်သည်။ ဖေဖော်ဝါရီလ (၂၄) ရက်နေ့ ညတွင်လည်း ပစ်ခတ်သံအများအပြား ကြားခဲ့ရကြောင်း၊ စစ်ကောင်စီတပ်က လက်နက်ကြီး အနည်းဆုံး (၁၀) လုံးခန့် ပစ်ခတ်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

၂၀၂၄ ဖေဖော်ဝါရီလ လကုန်ပိုင်းတွင် ထားဝယ်ခရိုင် ရေဖြူမြို့နယ်အခြေစိုက် မောရဝတီရေတပ်စခန်းဌာနချုပ်က ကံပေါက်ကျေးရွာမှ လင်မယား (၂) ဦးကို ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရသူများမှာ ထိုင်းနိုင်ငံပိုင် PTTEP ကုမ္ပဏီမှ ယာဉ်မောင်းဖြစ်သူ ဦးကိုနိုင်နှင့် ၎င်း၏ဇနီးနှင့်ဈေးသည်တစ်ဦးဖြစ်သူ ဒေါ်မေဒေးတို့ ဖြစ်သည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ထောက်ပံ့သည်ဟူသော သံသယဖြင့် ၎င်းတို့ကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ကို မောရဝတီရေတပ်စခန်းဌာနချုပ်တွင် စစ်ဆေးမေးမြန်းနေပြီး မိသားစုဝင်များနှင့် တွေ့ဆုံခွင့် မပေးချေ။ နောက်ဆက်တွဲအနေဖြင့် ၎င်းတို့၏အိမ်နီးနားချင်းများကလည်း ဖမ်းဆီးခံရမည်ကို စိုးရိမ်ပူပန်နေကြသည်။

၎င်းပြင် ဒေါ်ထက်ထက်လှိုင်၊ ဒေါ်ချိုချိုနှင့် ဒေါ်ညိုညိုတို့ အမျိုးသမီး (၃) ဦးကို ၂၀၂၄ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ ဒုတိယအပတ်အတွင်း စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီး ဖေဖော်ဝါရီလ (၂၆) ရက်နေ့ညတွင်မှ ပြန်လည်လွှတ်ပေးခဲ့သည်။

ဖမ်းဆီးမှုများကို ပိုမိုပြုလုပ်နေချိန်တွင်လည်း ပြည်သူများကိုပစ်မှတ်ထားသည့် တိုက်ခိုက်မှုများက လျော့နည်းသွားခြင်း မရှိချေ။ စစ်ကောင်စီက တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များကို အသုံးပြုပြီး တနင်္သာရီတိုင်း ထားဝယ်မြို့နယ် အရှေ့တောဒေသမှ မေတ္တာမြို့နှင့် ဟိန္ဒားပြင်ကျေးရွာကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ နံနက် (၁၀) နာရီခွဲအချိန်တွင် စစ်လေယာဉ်ဖြင့် ဗုံး (၈) လုံး ကြဲချခဲ့သည်။ နောက်တစ်နာရီအကြာတွင် Mi-2 ရဟတ်ယာဉ်ဖြင့် လာရောက်တိုက်ခိုက် ခဲ့ပြီး ဗုံးအမြောက်အမြား ထပ်မံကြဲချခဲ့သည်။

“ဗုံးကြဲခံရတဲ့နေရာတွေကနေ မီးခိုးလုံးတွေ တက်လာတယ်။ လေယာဉ်သံက ပုံမှန်လေယာဉ်တွေလို မဟုတ်ဘူး။ ကျွန်တော်တို့က ထွက်ကြည့်နေတော့ အကုန်မြင်နေရတယ်” ဟု မျက်မြင်သက်သေတစ်ဦးက ပြောသည်။

ဗုံးအလုံး (၂၀) ကျော် ကြဲချခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။ ဗုံးကြဲချိန်တွင် အနီးအနားဝန်းကျင်၌ တိုက်ပွဲဖြစ်ပွားခြင်းမရှိကြောင်းလည်း ဒေသခံများက အခိုင်အမာဆိုသည်။ စစ်ကောင်စီက တိုက်လေယာဉ်နှင့် ရဟတ်ယာဉ်များကို အသုံးပြုပြီး ထားဝယ်အရှေ့တောဒေသကို (၅) ရက်ကြာအောင် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့်ဖြစ်ပေါ်ခဲ့သည့် ပျက်စီးဆုံးရှုံးများသည် များပြားလှသည်။

၂၀၂၄ မတ်လအစောပိုင်းတွင် သရက်ချောင်းမြို့နယ်ကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီး ကျေးရွာ (၇) ရွာမှ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ရောင်းမော်ကျေးရွာရှိ စစ်တပ်လက်အောက်ခံ “ပျူစောထီး” စခန်းတစ်ခု တိုက်ခိုက်ခံရပြီးနောက် စစ်ကောင်စီက Mi-2 ရဟတ်ယာဉ်ဖြင့် လာရောက်ပစ်ခတ်ခဲ့သည်။ ကင်းရှေ့၊ စော်ဖျား၊ ဆေးဖြတ်ကုန်း၊ မိုးရွှေကုန်း၊ အင်းပြား၊ ကြက်စာပြင်နှင့် ကြာအင်းကျေးရွာများမှ ဒေသခံပြည်သူများ အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

**“ဗုံး (၃) ခါ ကြဲတယ်။ တစ်ခါကြဲရင် (၁၀) လုံးလောက် ရှိတယ်။ တချို့ကတော့ ရွာထဲမှာ ကြောက်ကြောက်နဲ့ ဆက်နေ,နေရတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ကင်းရှေ့နှင့် မိုးရွှေကုန်း ကျေးရွာမှ နေအိမ်များ မီးလောင်ပျက်စီးခဲ့သည်။ ရောင်းမော်ကျေးရွာတွင်တပ်စွဲထားသည့် စစ်ကောင်စီတပ်

ကလည်း လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။

"စစ်တပ်ကတော့ မတ်လ (၃) ရက်နေ့ ညနေအထိ ပစ်ခတ်နေတုန်းပဲ။ တိုက်ပွဲဖြစ်တုန်းက (၁) နာရီအတွင်းမှာ စစ်ကောင်စီတပ်သား အယောက် (၂၀) လောက် သေသွားတယ်။ အဲကြောင့် လက်နက်ကြီးနဲ့ရော လေယာဉ်နဲ့ပါ လာပစ်နေတာ" ဟု ဒေသခံတစ်ဦးက ပြောသည်။

လေကြောင်းတိုက်ခိုက်မှုကို ဆိုင်ကယ်ဖြင့် ထွက်ပြေးတိမ်းရှောင်လာစဉ် ဆေးဖြတ်ကုန်းကျေးရွာမှ အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

၂၀၂၄ ဖေဖော်ဝါရီလတွင် စစ်ကောင်စီနှင့် တော်လှန်ရေးအင်အားစုများက တနင်္သာရီတိုင်းမှ ဒေသခံပြည်သူအယောက် (၄၀) ကျော်ကို ဖမ်းဆီးခဲ့သည်။ အများစုမှာ ရေဖြူမြို့နယ်မှ ဖြစ်သည်။ ရေဖြူမြို့နယ်မှ (၃၅) ဦး၊ ကော့သောင်းမြို့နယ်မှ (၅) ဦး၊ ပုလောမြို့နယ်မှ (၄) ဦး၊ မြိတ်မြို့နယ်မှ (၁) ဦးနှင့် ထားဝယ်မြို့နယ်မှ (၃) ဦး ဖမ်းဆီးခံခဲ့ရသည်။

ကော့သောင်းမှ (၅) ဦးနှင့် ရေဖြူမှ (၆) ဦးတို့သာ ပြန်လည်လွတ်မြောက်လာကြောင်း အတည်ပြုနိုင်ခဲ့သည်။ အခြားမြို့နယ်မှ ဖမ်းဆီးခံရသူများ၏ အခြေအနေကိုမူ အတည်မပြုနိုင်သေးချေ။ ရေဖြူမြို့နယ်မှ ဖမ်းဆီးသွားသည့် ဒေသခံပြည်သူများကို ကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်စဉ်တွင် လူသားဒိုင်းအဖြစ် စစ်ကောင်စီတပ်က အသုံးပြုခဲ့သည်။ မောရဝတီရေတပ်ကလည်း ကံပေါက်ဒေသခံများအပါအဝင် "CDM" ပြုလုပ်ထားသူ ပညာရေးဝန်ထမ်း (၅) ဦးကို ဖမ်းဆီးခဲ့သည်။

"ရေဖြူမြို့နယ်က "CDM" ဝန်ထမ်းတွေက ပြောင်းရွှေ့ဖို့ ပြင်နေကြတာ။ ခုတော့ အခြေအနေတွေ နည်းနည်းပြန်ငြိမ်လို့ ပြန်လာကြတုန်း အဖမ်းခံလိုက်ရတာ။ ကျွန်တော်တို့လည်း ရွာထဲမှာ မနေရဲတော့ဘူး" ဟု ကံပေါက်ဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

လက်နက်ကိုင်ပဋိပက္ခဒေသများမှ ကလေးသူငယ်များသည်လည်း ငြိမ်းချမ်းစွာ ပညာသင်ခွင့်ကို ဆုံးရှုံးနေသည်။ ထားဝယ်မြို့နယ်မှ ဒေသခံပြည်သူ (၄) ဦးကို စစ်ကြောင်းက ဖမ်းဆီးသွားပြီးနောက် အဆက်အသွယ်ပြတ်တောက် သွားသည်။ တိုက်ပွဲတစ်ခုတွင် ကလေးငယ် (၁) ဦး သေဆုံးခဲ့ပြီး အနည်းဆုံး (၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စစ်ကြောင်းက ဖမ်းဆီးသွားသည့် စစ်ရှောင်ပြည်သူ (၄) ဦးမှာ ထားဝယ်အရှေ့တောဒေသမှ ဖြစ်ပြီး မတ်လ (၁၈) ရက်နေ့အထိ ပြန်လည်လွတ်မြောက်လာခြင်းမရှိသေးချေ။

မတ်လ (၉) ရက်နေ့တွင် စစ်ကောင်စီစစ်ကြောင်းသည် မေတ္တာမြို့မှ ထားဝယ်မြို့နယ်ကျောက်မဲတောင်ကျေးရွာသို့ ထွက်ခွာလာပြီး စစ်ဘေးရှောင် အမျိုးသမီး (၁) ဦးနှင့်

ကလစ်ကြီးကျေးရွာအနီးရှိ စမ်းချောင်းတွင် ငါးဖမ်းနေသည့် အမျိုးသား (၃) ဦးကို ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရသူများမှာ အသက် (၁၈) နှစ်အရွယ် ကိုမြင့်မြတ်အောင်၊ အသက် (၂၉) နှစ်အရွယ် ကိုလင်းထက်ကျော်စွာ၊ အသက် (၃၀) နှစ်အရွယ် ကိုဝင်းဇော်နှင့် မဝင်းသန်းတို့ဖြစ်သည်။

**“စားစရာမရှိလို့ ငါးဖမ်းစားနေရတဲ့သူတွေပါ။ သူတို့ ငါးဖမ်းတဲ့နေရာမှာပဲ ဖမ်းသွားတာ”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဖမ်းဆီးခံရသူများသည် တောင်သုံးလုံးကျေးရွာမှ ဖြစ်ပြီး စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ကလစ်ကြီး ကျေးရွာရှိ ဥယျာဉ်ခြံများတွင် စစ်ဘေးရှောင်နေကြသူများ ဖြစ်သည်။ မတ်လ (၁၀) ရက်မှ (၁၅) ရက်နေ့အတွင်း မေတ္တာမြို့အနီးတဝိုက်တွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများ တိုက်ပွဲဖြစ်ပွားခဲ့သည်။

တိုက်ပွဲပြီးနောက် တော်လှန်ရေးအင်အားစုများက မတ်လ (၁၅) ရက်နေ့တွင် နယ်မြေရှင်းလင်းရေး ပြုလုပ်စဉ် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသည့် အသက် (၁၂) နှစ်အရွယ် ယောက်ျားလေးတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရသူ (၂) ဦးကိုလည်း စစ်ကောင်စီတပ်က ဖမ်းခေါ်သွားကြောင်း သိရသည်။

သေဆုံးသူကလေးငယ်နှင့် ထိခိုက်ဒဏ်ရာရသူ အမျိုးသား (၂) ဦးမှာ မည်သူမည်ဝါဖြစ်ကြောင်း မသိရှိရသေးချေ။ ဖမ်းဆီးသွားသူများ၏ အခြေအနေကိုလည်း အတည်မပြုနိုင်သေးချေ။ တော်လှန်ရေးအင်အားစုများ၏ ပြောကြားချက် အရ စစ်ကောင်စီ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် မေတ္တာမြို့မှ နေအိမ်အနည်းဆုံး (၆) လုံး ထိခိုက်ပျက်စီးခဲ့သည်။

အရှေ့တောဒေသတွင် ၂၀၂၄ ဖေဖော်ဝါရီလကတည်းက ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ကော်သူလေး တပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကောင်စီတပ်တို့အကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားနေသည်။ စစ်ကောင်စီက တိုက်လေယာဉ်နှင့် ရဟတ်ယာဉ်များကို အသုံးပြုပြီး ဗုံးအကြိမ်ကြိမ်ကြဲချနေသည်။

နိုင်ငံရေးအကျဉ်းသားများကို ပစ်မှတ်ထားသည့် အကြမ်းဖက်မှုကလည်း ဆက်လက်ဖြစ်ပွားနေသည်။ မတ်လ (၁၆) ရက်နေ့ ညတွင် ထားဝယ်အကျဉ်းထောင်တွင် ချုပ်နှောင်ထားသည့် ကိုဝင်းသီဟကို ဦးခေါင်းကို အဝတ်နက်ဖြင့်အုပ်ကာ ကားတစ်စီးဖြင့် အပြင်သို့ခေါ်ဆောင်သွားခဲ့သည်။ အကြမ်းဖက်မှုကို မည်သို့ကျူးလွန်ခဲ့ကြောင်း လိုက်ပြခိုင်းသည်ဟု စစ်ကောင်စီက ပြောသည်။ မတ်လ (၂၃) ရက်နေ့တွင် ကိုဝင်းသီဟက ထွက်ပြေးရန်ကြိုးစားသဖြင့် ပစ်ခတ်ရာတွင် သေဆုံးသွားကြောင်း ထောင်အာဏာပိုင်များက ၎င်း၏မိသားစုကို အကြောင်းကြားခဲ့သည်။ ဤအကြောင်းပြချက်သည် သေဆုံးသူ၏မိသားစုဝင်များကို စစ်ကောင်စီက အရှက်မဲ့စွာပြောဆိုသည့် အလိမ်အညာစကားများသာ ဖြစ်သည်။

**"ကိုဝင်းသီဟကို သဂြိုဟ်လိုက်ပြီလို့ သိရတယ်။ မိသားစုဝင်တွေက သူ့အလောင်းကို တောင် မတွေ့လိုက်ရဘူး"** ဟု နီးစပ်သူတစ်ဦးက ပြောသည်။

ကိုဝင်းသီဟသည် ထောင်ဒဏ် (၇) နှစ် ချမှတ်ခံထားရသူ ဖြစ်ပြီး ပြစ်ဒဏ်ကျခံနေစဉ် အတွင်း သတ်ဖြတ်ခံလိုက်ရခြင်း ဖြစ်သည်။ စစ်ဆေးမေးမြန်းရန်အတွက်ဟုဆိုကာ အကျဉ်းသား (၂) ဦးကို ထောင်ပြင်သို့ ခေါ်ထုတ်သွားခဲ့ခြင်းဖြစ်ပြီး နောက်တစ်ဦး၏ အခြေအနေကိုလည်း မသိရှိရချေ။ ကိုဝင်းသီဟသည် ၂၀၂၂ ဖေဖော်ဝါရီလ (၇) ရက်နေ့ တွင် ထားဝယ်မြို့ ရှမ်းမလမ်းရှိ ဟိုတယ်တစ်ခု၌ ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

အကျဉ်းသား (၂) ဦးကို အပြင်သို့ မခေါ်ထုတ်မီ မတ်လ (၁၃) ရက်နေ့နှင့် (၁၅) ရက် နေ့အကြားတွင် ရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးတပ်ဖွဲ့တိုက အကျဉ်းထောင် တွင် လက်ကိုင်ဖုန်းတွေ့ရှိသည်ဟုဆိုကာ ထားဝယ်အကျဉ်းထောင် ကို စီးနင်းခဲ့ သည်။ နိုင်ငံရေးအကျဉ်းသားများအပါအဝင် အကျဉ်းသားအယောက် (၂၀) ကျော်ကို ပြင်းပြင်းထန်ထန် ရိုက်နှက်ခဲ့သည်။

ဦးခေါင်းနှင့် ခြေထောက်များတွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြပြီး မျက်နှာများလည်း ဖူးရောင်နေခဲ့သည်။ ၎င်းပြင် ခန္ဓာကိုယ်တစ်ခုလုံးတွင်လည်း အညိုအမဲဒဏ်ရာများ ပြည့် နှက်နေသည်။ ၎င်းတို့အားလုံးကို ယခုအခါတွင် တိုက်ပိတ်ထားခဲ့သည်။

အကျဉ်းထောင်နှင့်နီးစပ်သူတစ်ဦး၏ ပြောပြချက်အရ လက်ကိုင်ဖုန်းနှင့် ဆက်စပ် ပစ္စည်းများကို ကိုင်ဆောင်သည်ဟု ဆိုကာ အကျဉ်းသားအယောက် (၂၀) ကျော်ကို ရိုက် နှက်ခဲ့သည့်အပြင် ဆက်သွယ်ရေးဥပဒေဖြင့် နောက်ထပ်ထောင်ဒဏ် (၆) လကိုလည်း ချမှတ်ခဲ့သည်။ မတ်လတွင် စစ်ကောင်စီက ထားဝယ်အကျဉ်းထောင်တွင် စစ်ဆေးမှု ပိုမိုလုပ်ဆောင်ခဲ့ပြီး အကျဉ်းထောင်ပရိဝုဏ်အတွင်း ဗုံးခိုကျင်းများနှင့် ဆက်သွယ်ရေး တူးမြောင်းများကိုလည်း တူးဖော်ခဲ့သည်။

ထားဝယ်အကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသား (၄၀၀) ဝန်းကျင်ရှိပြီး ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခံထားရသူ အကျဉ်းသား (၂) ဦး ရှိသည်။

# အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံစားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေးထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမတည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေးနေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီက ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာ ဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူးအာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါအခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ်ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ်များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံအခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ်ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူနေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းများကို ပြုလုပ်နေသည်။

# တိုက်တွန်းတောင်းဆိုချက်များ

**မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။**

၁. မြန်မာနိုင်ငံတွင် ပကတိမြေပြင်၌ဖြစ်ပွားနေသည့် အဖြစ်အပျက်ကိစ္စရပ်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာဇရာဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရမည်။

၂. ကမ္ဘာ့ခေါင်းဆောင်များ၏ တိကျခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်လူသတ်စစ်ကောင်စီ၏လက်ထဲသို့ လက်နက်များ စီးဝင်ရောက်ရှိခြင်းမရှိစေရန် လက်နက်ရောင်းဝယ်မှုတားမြစ်ချက်ကို ချက်ချင်းအတည်ပြုထောက်ခံရမည်။

၃. လေယာဉ်ဆီတင်သွင်းမှုကို တားမြစ်ခြင်းဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်များ ကြီးကြီးမားမားဆုံးရှုံးနေမှုကို ရပ်တန့်စေရမည်။

၄. စစ်ကောင်စီ၏ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားပိတ်ဆို့ပြီး ပြည်ပနိုင်ငံများတွင် အကျင့်ပျက်ခြစားသည့်စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်စေရန် ၎င်းတို့၏ငွေကြေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ထိန်းချုပ်ရမည်။

၅. ထိခိုက်လွယ်သည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ကို ပိုမိုအားကောင်းလာစေရန်လည်းကောင်း၊ (လိုအပ်ပါ) လုပ်ငန်းစဉ်အသစ်ပြန်လည်ချမှတ်ရန်လည်းကောင်း လုပ်ဆောင်ရမည်။ ထိုမှတဆင့် နစ်နာသူပြည်သူများက တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုများကို ပြန်လည်ရရှိနိုင်ရမည်။

၆. မြေပြင်လိုအပ်ချက်များကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေးထောက်ပံ့မှုများကို ဆက်လက်ထောက်ပံ့ရန်နှင့် ပုံစံအသစ်ဖြင့် ထောက်ပံ့ရန် လုပ်ဆောင်ရမည်။ နယ်စပ်ဖြတ်ကျော်အကူအညီများကိုလည်း ဆက်လက်ပေးအပ်ထားရမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများအားလုံးသည် ဒေသတွင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိရမည်ဖြစ်သည်။

၇. နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး လေယာဉ်ကွင်း၊ သဘော်ာဆိပ်ကမ်းနှင့် ဘိလပ်မြေလုပ်ငန်းအပါအဝင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းသွားရမည် ဖြစ်သည်။

၈. ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရပြီး မတရားသေဆုံးခဲ့ရသူ အပြစ်မဲ့ပြည်သူများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းပြင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အတိဒုက္ခများကို ထိခိုက်ခံစားခဲ့ရသူများ၊ နာတာရှည်ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက်လည်း စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ရမည် ဖြစ်သည်။

# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

မတ်လ ၂၀၂၄

HURFOM